## စစ်အစိုးရကျင်းပမယ့် ပထမပြန်စာမေးပွဲ မဖြေဆိုမယ့် သံဃာတော်တွေ များပြား

၂၈ နိုဝင်ဘာ ၂၀၀၇

မြန်မာစစ်အစိုးရနဲ့ မပူးပေါင်း မဆောင်ရွက်ရေး သပိတ်မှောက်ကံဆောင်ထားတဲ့အတွက် စစ်အစိုးရ ဦးစီးကျင်းပမယ့် ပထမပြန် ဓမ္မာစရိယစာမေးပွဲတွေကိုဖြေဖို့ အကြောင်းပြန်ရမယ့် လျှောက်လွှာတွေကို မြန်မာပြည်တွင်းက သံဃာတော်တွေ လက်မှတ်မရေးထိုးကြသေးပါဘူး။ ဒီအကြောင်း ဦးသိန်းထိုက်ဦး က တင်ပြပေးထားပါတယ်။

ပုံမှန်အားဖြင့်ဆိုရင်တော့ မြန်မာစစ်အစိုးရဖက်က စီစဉ်ကျင်းပပေးတဲ့ ပထမပြန်စာမေးပွဲတွေကို တပေါင်း၊ တန်ခူးလောက်မှာ ဖြေရတာပါ။ အခုအချိန်က စာမေးပွဲဖြေဆိုမယ့် သံဃာတော်တွေက ဖြေဆိုမယ့်အကြောင်း လက်မှတ်ထိုးပြီးတော့ ပြန်ကြားရမယ့်အချိန်ဖြစ်ပါတယ်။ လက်မှတ်ထိုးရမယ့်လျှောက်လွှာတွေရောက်လာပေမယ့် သံဃာတော်တွေကတော့ အခုအချိန်အထိမထိုးသေးဘူးလို့ ပခုက္ကူမြို့ခံ သံဃာတပါးက အခုလို မိန့်ကြားပါတယ်။

"အစိုးရပထမပြန်စာမေးပွဲက အခုက လက်မှတ်ထိုးချိန်လေ။ လက်မှတ်ထိုးချိန်ဆိုပေမယ့် အဲဒီလို အခု ဖောင်တွေတင်ထားတာ၊ အဲဒါတွေ ထိုးပြီးတော့မှ တိုင်းဗဟိုအဆင့်ဆင့်ကနေပြီးတော့ သူတို့ဒီ ညွှန်ချုပ်လက်မှတ်ခေါ်သလားမသိဘူးလေ၊ အဲဒါတွေနဲ့ပြန်ပြီးတော့ ဖြေခွင့်ဆိုပြီးတော့ ပြန်ကျတာလေ။ လက်မှတ်ထိုးရာသီပေ့ါ။ ဒါပေမယ့် မန္တလေးတို့ ဘာတို့တော့ မထိုးကြဘူးလို့ကြားတယ်လေ။ ဒီက ဦးပဉ္ဇင်းတို့ ပခုက္ကူအနေနဲ့ဆိုရင် ဦးပဉ္ဇင်းတို့ကျောင်းက တိုက်ကြီးတွေရဲ့သဘောထားပဲ။ တိုက်ကြီးတွေထိုးရင် ဦးပဉ္ဇင်းတို့က ထိုးလိုက်မယ်။ တိုက်ကြီးတွေမထိုးဘူးဆိုရင် ဦးပဉ္ဇင်းတို့က မထိုးဘူးပေ့ါနော်၊ သံဃာညီညွတ်ရေးပေ့ါ။ ဒီဟာပါပဲ ဦးပဉ္ဇင်းတို့ကတော့။"

အရင်တုန်းကလည်း အစိုးရကကျင်းပပေးတဲ့စာမေးပွဲတွေအပေါ်မှာ သံဃာတော်တွေအနေနဲ့ သိပ်ပြီးတော့ စိတ်မဝင်စားခဲ့ဘူးလို့ မိန့်ကြားပါတယ်။ ဒီနှစ်ကျမှ ကံဆောင်သပိတ်ကြောင့်ဆိုတာမျိုးထက် အရင်ကတည်းက စိတ်မဝင်စားခဲ့တာလို့ ပြောပါတယ်။

"ဒီ အခုလိုဖြစ်လိုက်တဲ့အတွက်ကြောင့်မဟုတ်ဘူး ဒကာကြီး။ အရင်ကတည်းကကိုက ဦးပဉ္ဇင်းတို့ ဘုန်းကြီးစာမေးပွဲလောကမှာ အစိုးရပထမပြန်စာမေးပွဲရှိတယ်၊ အသင်းစာမေးပွဲခေါ်တာပေ့ါလေ၊ အဲဒါတွေလည်းရှိတယ်။ အဲဒီမှာ ဦးပဉ္ဇင်းတို့က အသင်းစာမေးပွဲကို နဲနဲလေး အားသန်တယ်ပေ့ါလေ၊ ယခင်ကတည်းက။ သာမဏေကျော်စာမေးပွဲခေါ်တာပေ့ါ။ ဦးပဉ္ဇင်းတို့က သာမဏေကျော်ကို အဓိက ချပေးတာလေ။"

မန္တလေးမြို့ခံသံဃာတပါးကလည်း မန္တလေးမြို့စာသင်တိုက်တွေမှာရှိတဲ့ သံဃာတော်တွေ အခုအချိန်အထိ လျှောက်လွှာတွေကိုလက်မှတ်ရေးထိုးပြီး စားမေးပွဲဖြေမယ်လို့ အကြောင်းမပြန်သေးတဲ့အကြောင်း အခုလို မိန့်ကြားပါတယ်။

"မဖြေဘူး ဒကာကြီး။ သူတို့ကတော့ ချပေးတာပေ့ါ၊ ကျုပ်တို့ကတော့ မဖြေဘူးပေ့ါ။ တချို့ကကျတော့ ကျုပ်တို့တိုက်ကိုလာပြီးတော့ စုံစမ်းကြတယ်ပေ့ါ။ ကျုပ်တို့လည်းမထိုးဘူးဆိုလို့ရှိရင် သူတို့လည်း မထိုးဘူးပေ့ါ၊ အဲဒါမျိုးပေ့ါ။ တိုက်ကြီးတွေကများတယ်။ ဆန္ဒပြတာပေ့ါဗျာ၊ သဘောမတူဘူးပေ့ါ၊ သူတို့လုပ်ရပ်နဲ့။ ဒီ နအဖကို ကံဆောင်ထားတာလေ။ အဲဒီကံနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်တာပေ့ါ။"

ဒါပေမယ့်လည်း စာမေးပွဲမဖြေဘူးဆိုပြီး လျှောက်လွှာတွေကိုလက်မှတ်မရေးထိုးတဲ့သံဃာတော်တွေဟာ ကျောင်းတိုက်တိုင်းမှာတော့ မဟုတ်ပါဘူး။ စစ်တွေမြို့ပေါ်က သံဃာတော်တပါးကတော့ အခုအချိန်အထိ လက်မှတ်မထိုးသေးဘူးဆိုပေမယ့်လည်း နှောင်တော့ ထိုးရလိမ့်မယ်လို့ အခုလို မိန့်ကြားပါတယ်။

"ဩော် – ပထမပြန်စာမေးပွဲလား၊ တို့ကျောင်းတွေက အခု မထိုးသေးဘူး။ ထိုးတော့ ထိုးမှာ။ ထိုးရမှာပေ့ါကွ ဒါ၊ လက်မှတ်ထိုးရမယ့်ဟာ စာသင်သားတွေ၊ ထိုးရမှာပါ။"

နောက်ထပ်စစ်တွေမြို့က သံဃာတော်တပါးကတော့ တခြားမြို့တွေလက်မှတ်မထိုးဘူးဆိုရင်တော့ သူတို့လည်း လက်မှတ်ထိုးမှာမဟုတ်တဲ့အကြောင်း၊ စာမေးပွဲဖြေမှာမဟုတ်တဲ့အကြောင်း၊ အခုအချိန်အထိ စာမေးပွဲဖြေဖို့ လက်မှတ်တွေရောက်မလာသေးတဲ့အကြောင်းနဲ့ တကယ်လို့လက်မှတ်တွေရောက်လာခဲ့ရင်လည်း ကျောင်းတိုက်တွေမှာ သံဃာတော်တွေ သိပ်မကျန်တော့တဲ့အကြောင်း အခုလို မိန့်ကြားပါတယ်။

> "နောက်မြို့တွေကမထိုးဘူးဆိုရင်၊ ဒီမြို့ကလည်း မထိုးဘူးပေ့ါ။ အများကိုလိုက်ရမှာပေ့ါ ဒကာကြီးရယ်။ အခုက စာသင်သားတွေကလည်း ဒီ စိတ်ထဲမှာမရှိဘူးလေ။ လက်မှတ်တော့ မပို့သေးဘူး။ စာမေးပွဲနဲ့ ပတ်သက်လို့ တခုမှလည်း အသံမကြားရသေးဘူး။"

သံဃာထုရဲ့လှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျောင်းတိုက်တွေက သံဃာတော်တွေကို နယ်တွေကို အတင်းအကျပ်ပြန်ပို့တာတွေနဲ့ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရတာကြောင့် သံဃာတော်တွေ ကျောင်းတိုက်တွေမှာ လျော့နည်းသွားခဲ့တယ်ဆိုတဲ့သတင်းတွေ မကြာခန ထွက်ပေါ်ခဲ့ပါတယ်။ မန္တလေးမြို့ခံ သံဃာတပါးကလည်း သူတို့ကျောင်းတိုက်တွေမှာ သံဃာတွေနည်းသွားတဲ့အခြေအနေနဲ့ လက်မှတ်မထိုးတဲ့အခြေအနေကို အခုလို မိန့်ကြားပါတယ်။

> "ဒီကတော့ မထိုးကြသေးဘူး၊ ကျောင်းကတော့လေ။ မထိုးဆို၊ ထိုးမယ့်ပုံမရှိတော့ဘူး၊ ဒီမှာ စာရွက် စာတမ်းတွေဘာတွေကလေ။ စာသင်သားကတော့ ရှိတော့ရှိတယ် ဒကာတော်၊ နည်းတော့သွားတာပေ့ါ။ အခု ဦးပဥ္စင်းတို့ဆီမှာ နဂိုက ၂,၈၀၀ လောက်ရှိတဲ့ဟာက အခု ၁,၀၀၀ ပါတ်ဝန်းကျင်ပဲ ရှိတော့မယ်။ နှစ်တိုင်းပုံစံဆိုရင်တော့ ဖောင်ရောက်တဲ့အချိန်လို့ပြောရမှာပေ့ါ ဒကာတော်။"

မြင်းခြံဖက်မှာ စာမေးပွဲဖြေဆိုမယ်လို့ အကြောင်းမပြန်ဘူးဆိုရင် အကြောင်းမပြန်တဲ့သံဃာတော်ကို နောင်နှစ်တွေမှာလည်း ဖြေဆိုခွင့်ပေးမှာမဟုတ်တဲ့အကြောင်း အာဏာပိုင်တွေဖက်က ခြိမ်းခြောက်တာတွေရှိနေတယ် ဆိုတဲ့ အကြောင်း သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒီသတင်းကို ဒေသခံတွေကပြောပေမယ့် သံဃာတော်တွေဖက်ကတော့ အတည်ပြုချက် မရသေးပါဘူး။